သင်၏ညီနောင်အား ပြုံးရွှင်ချိုသာသော မျက်နှာဖြင့်
တွေ့ဆုံလိုက်ခြင်းပင်ဖြစ်စေ မည်သည့်ကောင်းမှုကိုမျှ
သင်အထင်မသေးလေနှင့်။
အဗူဇရ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ကျွန်တော့်အား
မိန့်ကြားတော်မူခဲ့သည်။ သင်၏ညီနောင်အား ပြုံးရွှင်ချိုသာသော မျက်နှာဖြင့်
တွေ့ဆုံလိုက်ခြင်းပင်ဖြစ်စေ မည်သည့်ကောင်းမှုကိုမျှ သင်အထင်မသေးလေနှင့်။
[صحيح] [رواه مسلم]
ကောင်းမှုများ ပြုလုပ်ရန်နှင့် အနည်းငယ်မျှသော ကောင်းမှုကုသိုလ်ကိုပင်
အထင်မသေးမိစေရန် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က
တိုက်တွန်းနှိုးဆော်ထားသည်။ ၎င်းတွင် လူတို့အား ပြုံးရွှင်ချိုသာသော မျက်နှာနှင့်
ဆုံတွေ့ခြင်းလည်းပါဝင်သည်။ ဤလုပ်ရပ်သည် မွတ်စ်လင်မ် ညီနောင်တစ်ဦးအား
ရင်းနှီးချစ်ခင်မှုကို ခံစားစေပြီး ၎င်းကိုပျော်ရွှင်စေသောကြောင့်
မွတ်စ်လင်မ်တိုင်းသည် ထိုကိစ္စအား စိတ်အားထက်သန်စွာဆောင်ရွက်သင့်သည်။
https://sunnah.global/hadeeth/my/show/5348